# ပြည်ပတရုတ်အမျိုးသားကော်မတီ
# နိုင်ငံရပ်ခြားလူငယ်သက်မွေးပညာသင်တန်းကျောင်း အပတ်စဉ် (၄၁)

# ထိုင်ဝမ်နိုင်ငံသို့ လာရောက်မည့် ကျောင်းသားများ၏ပြည်ဝင်ခွင့်ဆိုင်ရာ လုပ်ငန်းစဉ်အဆင့်ဆင့်

**A Step-by-step Guide**

# STEP 1 လေယာဉ်ပေါ်မတက်မီ ၂ ရက် အတွင်း COVID-19 Nucleic Acid စစ်ဆေးမှု အနုတ်လက္ခဏာ အစီရင်ခံစာကို တင်ပြရမည်။

1. လေယာဉ်ပေါ်မတက်မီ ၂ ရက်အတွင်း ထွက်ခွာမည့်ဒေသရှိအရည်အချင်းပြည့်မီသော ဆေးဘက်ဆိုင်ရာအဖွဲ့အစည်းတစ်ခုခုမှ ထုတ်ပေးထားသော "COVID-19 Nucleic Acid စစ်ဆေးမှု အနုတ်လက္ခဏာ အစီရင်ခံစာကို တင်ပြရမည်။ လေယာဉ်ပေါ်လိုက်ပါမည့်သူ၏ နိုင်ငံကူးလက်မှတ်ပါ အမည်၊ မွေးသက္ကရာဇ် (သို့မဟုတ် နိုင်ငံကူးလက်မှတ်၏နံပါတ်)၊ ဆေးစစ်ဆေးသည့်နေ့နှင့် အစီရင်ခံစာရရှိသည့်နေ့၊ ရောဂါအမည်၊ စစ်ဆေးသည့်နည်းလမ်းနှင့်အဖြေရလဒ်တို့ပါဝင်သည့်အချက်အလက်များကို အခြေခံမှုအားဖြင့် အင်္ဂလိပ်ဘာသာ၊ တရုတ်ဘာသာ( သို့)တရုတ်နှင့်အင်္ဂလိပ်နှစ်ဘာသာလုံးဖြင့်ဖော်ပြပေးရမည်။ ဥပမာ။ ။ မတ်လ ၁၅ရက်နေ့တွင်လေယာဉ်စီးနှင်းလိုက်ပါမည်ဆိုပါက သင်၏ အစီရင်ခံစာသည် မတ်လ ၁၃ရက်နေ့ (သို့)၁၄ ရက်နေ့တို့တွင်စစ်ဆေးသောအစီရင်ခံစာဖြစ်ရမည်။
2. ဆေးစစ်မှု အနုတ်လက္ခဏာသည် Molecular biology Nucleic Acid စစ်ဆေးမှု၊ ရောဂါအမည် "COVID-19 သို့မဟုတ် SARSCoV-2"၊ ဆေးစစ်ဆေးမှုလုပ်ဆောင်သည့်နေ့နှင့် စစ်ဆေးမှုနည်းလမ်း "PCR ၊ Real-Time PCR ၊ RT-PCR ၊ RT-qPCR (Quantitative Reverse Transcription PCR) ၊ NAA (Nucleic acid Amplification) ၊ NAAT (Nucleic acid Amplification Test) ၊ NAT(Nucleic acid Test) ၊ LAMP (LoopMediated isothermal Amplification) ၊ RT-LAMP ၊ COVID-19 RNA test ၊ SARS-CoV-2 RNA test ( သို့)Molecular Diagnostics" နှင့် အဖြေရလဒ် "Negative ၊ undetectable ၊ အနုတ်လက္ခဏာ ၊ မတွေ့ရှိ …" အစရှိသည်တို့ ပါရှိရမည်။
3. လေယာဉ်ပေါ်မတက်မီ လေကြောင်းလိုင်းသို့ အထက်ဖော်ပြပါ အထောက်အထားများကို မိမိဘက်မှ စတင်ပြီး ပြသပေးပါ။

# STEP 2 လေယာဉ်ပေါ်မတက်မီ ၄၈ နာရီ အတွင်း “ပြည်ဝင်ခွင့်ကွာရန်တင်းစနစ်” ကို ဖြည့်စွက်ရမည်။

1. ကျေးဇူးပြု၍ “ပြည်ဝင်ခွင့်ကွာရန်တင်းစနစ်” ဝဘ်ဆိုက် (https://hdhq.mohw.gov.tw/) သို့ သွားရောက်၍ သတင်းပေးရမည်။

2. အချက်အလက်အားလုံးကို မှန်ကန်ပြည့်စုံစွာ ဖြည့်စွက်ပြီးပေးပို့ရမည်။ ထိုင်ဝမ်နိုင်ငံသို့ ရောက်ရှိချိန်တွင် မိုဘိုင်းဖုန်း SMS မှ ကျန်းမာရေးဆိုင်ဆိုင်ရာ အထောက်အထားများကို လက်ခံရရှိမည်။

* ဤစနစ်ဝန်ဆောင်မှုကို အသုံးပြုရန် သင်တွင် ထိုင်ဝမ်မိုဘိုင်းဖုန်းနံပါတ်တစ်ခု ရှိရမည်။ ၁၈နှစ် ပြည့်ပြီးသူများ ထောင်ယွမ်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ဝယ်ယူနိုင်သည်။ ဖုန်းနံပါတ်ကို ကြိုတင်မရယူနိုင်သောသူနှင့် အသက် ၁၈နှစ်အောက် ကျောင်းသားများအနေဖြင့် လေဆိပ်ကြိုချိန်တွင် အကူအညီပေးနိုင်ရန်အတွက် ကျောင်းဆရာများကို ကြိုတင်အကြောင်းကြားထားရမည်။



# STEP 3 ကျန်းမာရေးကြေညာချက်ဆိုင်ရာ အထောက်အထားများ ကို Custom Clearance ပြသရမည်။

1. ထိုင်ဝမ်နိုင်ငံသို့ရောက်ရှိပြီးနောက် ကျန်းမာရေးကြေညာချက်ဆိုင်ရာအထောက်အထားများကို မိုဘိုင်းဖုန်း SMS ဖြင့် ပေးပို့နိုင်ရန် မိုဘိုင်းဖုန်းကို ပိတ်ပြီးပြန်ဖွင့်ပေးရမည်။
2. ကွာရန်တင်းသတိပေးချက်ကို ပေးအပ်သည့်နေရာတွင် အတည်ပြုနိုင်ရန်အတွက် မိုဘိုင်းဖုန်းရှိ ကျန်းမာရေးဆိုင်ရာအထောက်အထားများမျက်နှာပြင်ကို ပြသရမည်။
3. ထိုင်ဝမ်နိုင်ငံမိုဘိုင်းနံပါတ်မရှိသူများ ထိုင်ဝမ်နိုင်ငံသို့ရောက်ရှိပြီးနောက် Custom Clearance မလုပ်ဆောင်မီ ထိုင်ဝမ်နိုင်ငံဖုန်းနံပါတ် SIM ကဒ်ကို ဝယ်ယူပြီး မှတ်ပုံတင်ပါ။ မိုဘိုင်းဖုန်း SMS မှ ကျန်းမာရေးကြေညာချက်ဆိုင်ရာအထောက်အထားများကို လက်ခံရရှိချိန်တွင် Custom Clearance ကို လုပ်ဆောင်နိုင်သည်။



# STEP 4 ပြည်တွင်းဆိုက်ရောက်ခန်းမ၏ သက်ဆိုင်ရာအထူးကောင်တာ သို့ သွားရောက်ရမည်။

1. ထောင်ယွမ်အပြည်ပြည်ဆိုင်ရာလေဆိပ်တာမင်နယ် (၁)၊ တာမင်နယ် (၂) တို့၏ ပြည်တွင်းဆိုက်ရောက်ခန်းမများတွင် “နိုင်ငံရပ်ခြားလူငယ်သက်မွေးပညာသင်တန်းကျောင်း အပတ်စဉ် (၄၁) အတွက် အထူးသီးသန့်ဧည့်ကြိုကောင်တာများ” ကို ထားရှိပေးထားသည်။
2. ကျောင်းသားများ ခရီးဆောင်သေတ္တာများကို ရွေးထုတ်ပြီးနောက် ကျောင်းဆရာများကို ချက်ချင်းဆက်သွယ်ပြီး ထွက်ခွာခန်းမတွင်းသို့ စုဝေး ရမည်။ .
3. ပြည်ပတရုတ်အမျိုးသားကော်မတီမှ တာဝန်ရှိသူများနှင့် နိုင်ငံရပ်ခြားလူငယ်သက်မွေးပညာသင်တန်းကျောင်းမှ ကျောင်းဆရာများသည် ဧည့်ကြိုကောင်တာတွင် စုဝေးပြီး ပြည်တွင်းဝင်ရောက်ခွင့်အထောက်အထားနှင့် ကွားရန်တင်းလုပ်ဆောင်မည့်နေရာများကို အတည်ပြုရန် အကူအညီပေးမည်။

လေဆိပ်တာမင်နယ် (၁)▼




လေဆိပ်တာမင်နယ် (၂)▼



# STEP 5 ကွာရန်တင်းကားများ ကို စီးနှင်းပြီး ကွာရန်တင်းလုပ်ဆောင်မည့်နေရာများသို့ ထွက်ခွာရမည်။

1. ကျောင်းများမှ ကွာရန်တင်း)ဝင်မည့်နေရာများသို့ သွားရောက်နိုင်ရန် ကွာရန်တင်းကားများ (သို့)ကွာရန်တင်းတက္ကစီများကို စီစဉ်ပေးထားမည် ဖြစ်ပြီး ဆရာများလမ်းညွှန်သည့်နေရာသို့သွားရောက်စီးနှင်းပါ။
2. အများသုံးယာဉ်များကို စီးနှင်းခွင့် မပြုပါ။ ဖောက်ဖျက်ကျူးလွန်သူများအား "ပြင်းထန်သော အထူးကူးစက်အဆုတ်ရောင်ရောဂါ ကာကွယ်နှိမ်နင်းရေး အထူးစည်းမျဉ်းများ" အပိုဒ် ၁၅ အရ ဒဏ်ငွေ ထိုင်ဝမ်ဒေါ်လာ တစ် သိန်း မှ သိန်းတစ်ရာအကြား ရှိသော ဒဏ်ငွေ ပေးဆောင်ရမည်။



# STEP 6 (ကွာရန်တင်းစင်တာ(သို့) ကွာရန်တင်းဟိုတယ်) တွင် နေထိုင်ပြီးကွာရန်တင်းရမည်။

1. ကွာရန်တင်းလုပ်ဆောင်မည့်နေရာများသို့ ရောက်ရှိချိန်တွင် ကွာရန်တင်းအိတ်ကို ထုတ်ယူပြီးနောက် ဘာသာစကားနှစ်မျိုးဖြင့် ရိုက်ကူးထားသော ကျန်းမာရေးဆိုင်ရာပညာပေးဗာတ်လမ်းကို ကြည့်ရှုရမည်။
2. ကွာရန်တင်းလုပ်ဆောင်မည့်နေရာများသည့်အခမဲ့ Wi-Fi နှင့် အစားအစာများကို ထောက်ပံ့ပေးပြီး check-in လုပ်ဆောင်ပြီးနောက် မိုဘိုင်းဖုန်းတွင် Electronic Fence ကို ဖွင့်ထားရမည်။
3. အကယ်၍ ကိုယ်ပူခြင်း (သို့) အသက်ရှူခက်ခဲခြင်းဆိုင်ရာ လက္ခဏာများ ရှိပါက ကျောင်းဆရာများကို ချက်ခြင်းအကြောင်းကြားခြင်း သို့မဟုတ် 1922 ကပ်ရောဂါကာကွယ်ရေးဟော့ခ်လိုင်းသို့ ဖုန်းဆက်အကြောင်းကြားပြီး ဒေသန္တရကျန်းမာရေးဌာနမှ ညွှန်ကြားသည့်အတိုင်း ဆေးကုသမှုခံယူရမည်။

# အရေးကြီးသော ဝဘ်ဆိုက် နှင့် LINE@ တရားဝင်အကောင့်

1 | ပြည်တွင်းဝင်ရောက်
မှု ကွာရန်တင်းစနစ်

2 | ကပ်ရောဂါကာကွယ်
ထိန်းချုပ်ရေးစင်တာ

# အခြားသက်ဆိုင်ရာဝဘ်ဆိုက်များ

| 1 | 2 | 3 |
|---|---|---|
| ကပ်ရောဂါကာကွယ်ရေး ခြေရာခံစနစ် | ပြည်ထဲရေးဝန်ကြီးဦးစီးဌာန၊ လူဝင်မှုကြီးကြပ်ရေးဌာန | နိုင်ငံခြားရေးဝန်ကြီးဌာန ကောင်စစ်ဝန်ရုံး |
| https://hcm.mohw.gov.tw/ | https://www.immigration.gov.tw/<br><br>https://www.facebook.com/NIAinTW/ | https://www.boca.gov.tw/ |

# O.C.A.C.
# Overseas Community Affairs Council R.O.C. (Taiwan)

တရုတ်သမ္မတနိုင်ငံ
ပြည်ပတရုတ်အမျိုးသားကော်မတီ
ထိုင်ဝမ်နိုင်ငံသို့ ပညာလာရောက်ဆည်းပူးရန်
ကြိုဆိုပါသည်။

## နိုင်ငံရပ်ခြားလူငယ်သက်မွေးပညာသင်တန်းကျောင်း
## Overseas Youth Vocational Training Program

ပြည်ပတရုတ်
အမျိုးသား
ကော်မတီ
အီလက်ထ
ရောနစ်
သတင်းလွှာ
LINE@

ပြည်ပတရုတ်
အမျိုးသား
ကော်မတီ
အီလက်ထ
ရောနစ်
သတင်းလွှာ
YouTube
Channel